*J. Myanmar Acad. Arts Sci. 2020* **Vol. XVIII. No.6D**

# တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်

**မောင်မောင်ဦး***

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားပုံ စာအုပ်တွင်ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများသည် မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို သိနိုင်ရန်ရည်ရွယ်ပါသည်။ အလေ့လာခံအဖြစ် မြန်မာစာအဖွဲ့မှ ထုတ်ဝေခဲ့သော 'မြန်မာစကားပုံ' စာအုပ်ကိုအသုံးပြုပါသည်။ ယင်းစာအုပ်တွင်ပါဝင်သည့် တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ ဝါကျဖွဲ့ပုံကို ဘာသာဗေဒပညာရပ်ရှုထောင့်မှတင်ပြပါမည်။ တင်ပြရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများတွင် ဝါကျရိုးနှင့် ဝါကျရောဘယ်နှနှစ်ပါဝင်ပုံ၊ ယင်းဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို အသေးစိတ်စစ်ခြင်း၊ ခြုံငုံသုံးသပ်ချက်ဟူ၍ ကဏ္ဍ(၃)ခုပါဝင်ပါမည်။ ဤစာတမ်း၏တင်ပြချက်များကြောင့် 'မြန်မာစကားပုံ'စာအုပ်တွင်ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများသည် ဘာသာဗေဒရှုထောင့်အရ မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို အသေးစိတ်သိလာမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ။** စကားပုံ၊ ဘာသာဗေဒ၊ ဝါကျ၊ ဝါကျရိုး၊ ဝါကျရော၊ နာမ်၊ နာမ်အထူးပြု၊ ကြိယာ၊ ကြိယာအထူးပြု၊ ပစ္စည်း

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ထိုတိုင်းရင်းသား လူမျိုးပေါင်းစုံတွင် ၎င်းတို့နှင့် သက်ဆိုင်သောစကားပုံများရှိကြသည်။ ယင်းတို့မှ ဗမာတစ်နည်း မြန်မာတို့တွင်လည်း စကားပုံများရှိသည်။ မြန်မာစကားပုံများတွင် တိရစ္ဆာန်ကိုတရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများလည်းပါဝင်သည်။ ထိုစကားပုံများတွင် ဝါကျရိုး၊ဝါကျ ရောဘယ်နှနှစ်ရှိသနည်း။ ထိုဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို သိသင့်ပါသည်။

## ၁။ ပြုစုရသောရည်ရွယ်ချက်

ဗမာတစ်နည်း မြန်မာတို့တွင်ရှိသော စကားပုံများကို လေ့လာသူတို့သည် အားသန်ရာ ရှုထောင့်မှ ပုံစံအမျိုးမျိုးဖြင့် လေ့လာခဲ့ကြပါသည်။ သို့သော်လည်း မည်သူမျှ မလေ့လာဘူးသေးသော 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံ'ကို ယခင်နှစ်က လေ့လာဖြစ်ခဲ့ပါသည်။ ထိုဝါကျများသည် ဘာသာဗေဒ ပညာရပ်ရှုထောင့်မှ မည်သို့မည်ပုံ ရေးထားသည်ကို စိစစ်တင်ပြမှ ပြီးပြည့်စုံမည်ဟု ထင်မြင်ယူဆမိသောကြောင့် 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံ စိစစ်ချက်' ဤစာတမ်းကို တင်ပြရခြင်းဖြစ်ပါသည်။ ယင်းမှာဤစာတမ်းကို ပြုစုရခြင်း၏ရည်ရွယ်ချက် ဖြစ်ပါသည်။

## ၂။ အချက်အလက်ကောက်ယူစုဆောင်းခြင်း

(၁၉၉၆)ခုနှစ်တွင် မြန်မာစာအဖွဲ့က တတိယအကြိမ် ထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်မှ အချက်အလက်ကောက်ယူ စုဆောင်းပါသည်။ ယင်းစာအုပ်တွင် လူမှုအခြေအနေအမျိုးမျိုးကို ခိုင်းနှိုင်းရေးသားတင်ပြထားသော စကားပုံ(၈၇၀) ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်း

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်

စကားပုံ (၆၁)ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဤသို့တွေ့ရှိရသော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံကို အကြိမ်ကြိမ်အထပ်ထပ် စိစစ်လေ့လာခဲ့ပါသည်။

## ၃။ လေ့လာသောနယ်ပယ်

သုတေသနပြုသူ အကြိမ်ကြိမ်အထပ်ထပ် လေ့လာခဲ့သောကြောင့် မြန်မာစကားပုံစာအုပ်ရှိ တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျဘယ်နှခု ပါဝင်သည်ကို သိလာရသည်။ ထို စကားပုံများသည် မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို ဘာသာဗေဒပညာရပ်ရှုထောင့်မှ စိစစ်တင်ပြရလျှင် ပို၍ဆီလျော်မည်ဟု ယူဆမိပါသည်။ ထို့ကြောင်တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို တင်ပြရာတွင် ဘာသာဗေဒပညာရပ်ကို အခြေပြုပါသည်။

## ၄။ ပြဿနာ

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို တင်ပြသော ဤသုတေသနတွင် ဝါကျဟုဆိုလျှင် **ဝါကျရိုး၊ဝါကျရော၊ ဝါကျပေါင်း** ဟူ၍(၃)မျိုး ရှိသည်။ အမှန်စင်စစ် ဝါကျရောနှင့် ဝါကျပေါင်းသည် ဆက်စပ်နေသည့်သဘောရှိသောကြောင့် ဤသုတေသနတွင် ဝါကျရောဟုသာ ခေါ်ဝေါ် အသုံးပြုပါသည်။ထို့ပြင် ဘာသာဗေဒအရ 'နာမ်၊ နာမ်အထူးပြု၊ ကြိယာ၊ ကြိယာအထူးပြု၊ ပစ္စည်း' ဟူသည့် ဝါစင်္ဂ(၅)မျိုးရှိသည်ဟူသော အယူအဆကို အခြေပြုတင်ပြ ထားပါသည်။

## ၅။ သုတေသနအစီအစဉ်

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို လေ့လာသော ဤသုတေသနတွင် –

(၁) စကားပုံများ၏ဝါကျဖွဲ့ပုံ

(၂) စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်မှု

(၃) ခြုံငုံသုံးသပ်ချက်

ဟူ၍ (၃)ပိုင်း ခွဲခြားကာတင်ပြမည် ဖြစ်ပါသည်။

## ၁။ စကားပုံများ၏ဝါကျဖွဲ့ပုံ

မြန်မာတို့က **စကားပုံ**ဟုခေါ်သည်ကို အင်္ဂလိပ်တို့က' **'proverb' =ဆိုရိုး။ စကားပုံ။**'(လိပ်မြန်ဘီ။ ၂၀၁၆၊ ၇၅၃။)ဟု ခေါ်ကြသည်။ အင်္ဂလိပ်ဝေါဟာရ **'proverb'** သည် ထွေပြားသည့်သဘောသက်ရောက်နေသည်။ ယင်းကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုချက်များဖြင့် ဆန်းစစ်ကြည့်မည်ဆိုပါက

**စကားပုံ**၏အဓိပ္ပာယ်မှာ **'လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုခိုင်းနှိုင်းလေ့ ရှိသော ထိရောက်ကျစ်လျစ် ပြေပြစ်သည့်စကား'** (မြန်ဘီ။ ၂၀၀၈၊ ၉၀။) ဖြစ်ပါသည်။ **ဆိုရိုးစကား**၏ အဓိပ္ပာယ်မှာ **'အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာစကား'** (မြန်ဘီ။ ၂၀၀၈၊ ၁၂၁။) ဖြစ်သည်။ ထိုအချက်များအရ မှတ်သားဖွယ်ရာစကားတစ်ခုတွင် **တင်စားခိုင်းနှိုင်းမှုပါလျှင် စကားပုံ**ဟု သတ်မှတ်နိုင်ပြီး **တင်စားခိုင်းနှိုင်းမှု မပါလျှင်ဆိုရိုး**ဟု သတ်မှတ်ရမည်ဖြစ်သည်။

ဝါကျသည် အဆစ်အပိုင်း၊ အစိတ်အပိုင်းမဟုတ် အဓိပ္ပာယ်အရ၊ သဒ္ဒါအရသီးခြားလွတ်လပ်စွာ ရည်တည်နိုင်သော အဖွဲ့အစည်းဖြစ်သည်။ မြန်မာစကားပုံစာအုပ်တွင် ဇာတ်နိပါတ်၊ သမိုင်း၊ ပုံပြင်ကို အခြေပြုသော၊ ပေါင်းသင်းဆက်ဆံမှုကို အခြေခံသော၊ လူ့သဘာဝအဆိုးအကောင်းကို ဖော်ပြသော၊ ဖွဲ့လုံ့လအားမာန်ကိုဖော်ကျူးသော၊ ဖြစ်ပျက်ပြောင်းလဲတတ်သော၊ လောကဓံကိုပုံဆောင်သောစသဖြင့် စကားပုံပေါင်း(၈၇၀)ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံ အခု (၆၁)ပါဝင်သည်။ ထိုစကားပုံများကို ဝါကျရိုးပုံစံဖြင့် ရေးထားသကဲ့သို့ ဝါကျရောပုံစံဖြင့်လည်း ရေးထားပါသည်။ ဤကဏ္ဍတွင် –

(၁) စကားပုံများမ**ဝါကျရိုး(si**mple sentence)

(၂) စကားပုံများမှ**ဝါကျရော(c**omplex sentence)

ဟူ၍ ကဏ္ဍ(၂)ခု ပါဝင်ပါမည်။

## ၁၊ ၁။ စကားပုံများမှဝါကျရိုး

ဝါကျရိုးသည် ဖွဲ့စည်းပုံအရရိုးသောဝါကျဖြစ်သည်။ **ကြိယာ**(verb) တစ်ခုတည်းဖြင့် ဝါကျရိုးဖြစ်နိုင်သကဲ့သို့ အခြားသော ပုဒ်တစ်ခု၊ တစ်ခုမကသောပုဒ်တို့လည်း ဝါကျရိုးတွင် ပါဝင်နိုင်သည်။ ဝါကျရိုးသည် အဆိုဝါကျ၊ အဖြေဝါကျ၊ အမေးဝါကျစသည် တစ်ခုခု ဖြစ်နိုင်သည်။ သို့သော် ဝါကျရိုးတွင် ကြိယာတစ်ခုသာ ပါဝင်ရခြင်း၊ **ဝါကျနောက်ဆုံးပစ္စည်း**(sentence paticle) ပါသည်လည်း ရှိနိုင်သည်၊ မပါသည်လည်း ရှိနိုင်ပါသည်။ဝါကျရိုးဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတတို့ဖြင့် ဖော်ပြရလျှင်–

| | | | |
|---|---|---|---|
| ပုံသေနည်း | ဝါကျရိုး→ | သီးခြားဝါကျ | +ဝါကျပစ္စည်း |
| သင်္ကေတ | Ss'simple sentence' | ICL | +'ဝါကျပစ္စည်းရှိခြင်း/ –'ဝါကျပစ္စည်းမရှိခြင်း |

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် ဝါကျရိုး(၁၈)ခု ပါဝင်သည်။ ယင်းတို့မှာ–

| | | | |
|---|---|---|---|
| ဝါကျရိုး | → သီးခြားဝါကျ | | ဝါကျပစ္စည်းမရှိ |
| Ss | ICL'independent clause' | | - |
| | ကျီးတစ်ကောင်အတွက် ကျီးများ | ပျက် | - |
| | ကြောင်တစ်သက် ကြက်တမြုံ | – | - |
| | ကြွက်နားရွက် ဝက် | တတ် | - |
| | ခြသေ့်မင်းရှေ့ ယုန်သငယ် | မသန်းဝံ့ | - |
| | ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး | – | - |
| | ငါးကြင်းဆီနှင့် ငါးကြင်း | ကြော် | - |
| | ဆင်ခေါင်း ခွေး | မချီနိုင် | - |
| | ဆင်ဖြူမျက်နှာ ဆင်မဲ | မကြည့်ဝံ့ | - |
| | ဆင်သေကို ဆိတ်ရေနှင့် | ဖုံး | - |
| | ဆင်လည်း ဆင့်အထွာနှင့် | | |

| | | |
|---|---|---|
| ပုရွက်ဆိတ်လည်း | | |
| ပုရွက်ဆိတ်အထွာနှင့် | – | - |
| ဆင့်နားရွက် ကြက် | တတ် | - |
| ဖီးကွက်လောက်တော့ ငှက်တိုင်း | လှ | - |
| နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန် | – | - |
| နွားကလေးနို့ နွားကြီး | စို့ | - |
| နွားထီးငါးကျပ် နွားမငါးကျပ် | – | - |
| မျောက်မြီးနှင့် မျောက် | ချည် | - |
| လင်းတလောက် ငှက်တိုင်း | လှ | - |
| ဝက်နားရွက် ကြွက် | တတ် | - |

တို့ ဖြစ်ပါသည်။

**၁၊ ၂။ စကားပုံများမှဝါကျရော**

ဝါကျရောသည် ဝါကျရိုးထက် အဆစ်အပိုင်း၊ အစိတ်အပိုင်း ပိုများသည်။ ဝါကျရောတွင် **သီးခြား ဝါကျခွဲ**တစ်ခုပါကိုပါရမည်။ သီးခြားဝါကျခွဲ၏ နောက်ဆုံးနေရာတွင် **ဝါကျနောက်ဆုံးပစ္စည်း** တစ်ခု/ တစ်ခုမက မပါမဖြစ် ပါရမည်။**အမှီဝါကျခွဲ (**dependent clause 'DCL') သည်အနည်းဆုံး တစ်ခု သို့မဟုတ် တစ်ခုမကသော အမှီဝါကျ ခွဲများ ပါနိုင်သည်။ ယင်းကား ဝါကျရော၏ဖွဲ့စည်းပုံ ဖြစ်သည်။ ဝါကျရောဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတို့ဖြင့် ဖော်ပြရလျှင်–

**ပုံသေနည်း**

| | | | |
|---|---|---|---|
| ဝါကျရော | →အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ | ဝါကျပစ္စည်း တစ်ခု/အတွဲ |

**သင်္ကေတ**

| | | | |
|---|---|---|---|
| cpl.s | →DCL | ICL | sp/ P |

ဝါကျရောပုံစံဖြင့် ရေးထားသောစကားပုံ(၄၃)ခု ရှိပါသည်။ ယင်းတို့ကို –

(၁) အမှီဝါကျခွဲတစ်ခုပါသော စကားပုံများ

(၂) အမှီဝါကျခွဲနှစ်ခုပါသော စကားပုံများ

(၃) အမှီဝါကျခွဲသုံးခုပါသော စကားပုံများ

ဟူ၍ ကဏ္ဍ(၃)ခု ခွဲခြားကာ တင်ပြသွားပါမည်။

**၁၊ ၂၊ ၁။ အမှီဝါကျခွဲတစ်ခုပါသော စကားပုံများ**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲတစ်ခုပါသော ဝါကျရော အခု (၃၄) ပါဝင်သည်ကို တွေ့ရသည်။ယခုတင်ပြမှုသည် စကားပုံများအရ သိရသော ဝါကျရောဖွဲ့ပုံကို

တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျများတွင် ဝါကျနောက်ဆုံးပစ္စည်းပါသည်၊ မပါသည်ကိုတွေ့ရပါသည်။ ၎င်းတို့မှာ–

| ဝါကျရော | →အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ | | ဝါကျပစ္စည်း |
|---|---|---|---|---|
| cpl.s | →DCL | +ICL | | +/ – |
| | ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်ရ | - |
| | ကျားသနားမှ | နွား | ချမ်းသာ | - |
| | ကျီးဘုတ်ရှိသေ | ဘုတ်ကျီး | ရှိသေ | - |
| | ကျောင်းခံတွင်းပျက်နှင့် | ဆက်ရက်တောင်ပံ | ကျိုး | သည် |
| | ကြောင်မရှိ | ကြွက် | ထ | - |
| | ကြောင်မရှိ | ကြွက် | မြူး | - |
| | ကြောင်ရုပ်ဖြစ်စေ ကြွက်သေတာ | | လိုရင်း | - |
| | ကြောင်အို | ကြွက် | မလေး | - |
| | ခွေးကျိုးနဲ့ | ယုန် | လိုက် | - |
| | ငါးကြော်မကြိုက် | ကြောင် | မိုက် | - |
| | ငါးစိမ်းမြင် | ငါးကင် | ပြစ် | - |
| | ငါးပွက်ရာ | ငါးစာ | ချ | - |
| | ငှက်မသိတော့ | ဆရက် | ချိုးထင် | - |
| | စာဥ ဒေါင်းအုပ် | ဒေါင်းဥ | စာအုပ် | - |
| | ဆင်ကျီစားရာ | ဆိတ်မခံသာ | – | - |
| | ဆင်ပိန် | ကျွဲလောက် | – | - |
| | ဆင်မတတ်နိုင် | ကြွက် | တတ်နိုင် | ၏ |
| | တောကြောင့် ကျားလုံ | ကျားကြောင့် | တောလုံ | - |
| | နွားကွဲ | ကျား | ကိုက် | - |
| | နွားပျိုသန်လှ | နွားအို | ပေါင်ကျိုး | - |
| | ပျားလည်းစွဲသာ | ရှဥ့်လည်းလျှောက်သာ | - | - |
| | ဖားကိုလို | ဖားပေါင်ဖြင့် | မျှား | - |
| | ဖားတုလို့ | ခရု | ခုန် | - |
| | မျောက်သားစားချင် | မျောက်မျက်နှာ | ကြည့် | - |
| | မျောက်သားစားချင် | မျောက်မျက်နှာ | မကြည့် | နှင့် |
| | မြွေပူရာ | ကင်း | မှောက် | - |
| | ယုန်ကျူးချည် | ခွေးကျူးချည် | - | - |

| | | | |
|---|---|---|---|
| ယုန်တောင်ပြေး | ခွေးမြောက် | လိုက် | - |
| ယုန်ထောင် | ကြောင် | မိ | - |
| ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ကောက်ကောက်သွားက | ကောက်ကောက် | လိုက် | ၏ |
| ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ဖြောင့်ဖြောင့်သွားက | ဖြောင့်ဖြောင့် | လိုက် | ၏ |
| ရှဉ့်လည်းလျှောက်သာ | ပျားလည်းစွဲသာ | - | - |
| လင်းတလောက်တော့ | ငှက်တိုင်း | လှ | - |
| လုံဖျား ပုစဉ်းနား | ကျီးကန်း | ချေး | ပါ |

**၁၊ ၂၊ ၂။ အမှီဝါကျခွဲနှစ်ခုပါဝါကျရော**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် **အမှီဝါကျခွဲနှစ်ခု**ပါသော ဝါကျရော (၆)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမည့် အမှီဝါကျခွဲနှစ်ခုပါ စကားပုံအများစုတွင် ဝါကျနောက်ဆုံးပစ္စည်း မပါဝင်သည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ–

| | | |
|---|---|---|
| ဝါကျရော →**'အမှီဝါကျခွဲ. . .'**၂ | +သီးခြားဝါကျခွဲ | ဝါကျပစ္စည်း |
| cpls →DCL. . . | +ICL | +/– |
| ကျားချင်း**ကိုက**ရာ | | |
| သမင်**ကူ** | မှား | သည် |
| ကျားချင်း**ကိုက်**ရာ | | |
| သမင်**လမ်းကူး** | မှား | - |
| ငါးရံ့**ရ**အတူတူ | | |
| ငါး**ခူရ** | ခွဲခြမ်းခွဲခြမ်း | - |
| ငါး**တု** ခရ**ပွက်** | အိုင်ပျက် | - |
| ဆင်ကောင်ကြီး**တွေ့**မှ | | |
| ဆင်ခြေရာ**ရှာ**ရန် | မလို | - |
| သမင်**မွေး**ရင်း | | |
| ကျား**စား**ရင်း | - | - |

**၂၊ ၂၊ ၃။ အမှီဝါကျခွဲသုံးခုပါသော ဝါကျရော**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲလေးခုပါသော ဝါကျရော (၃)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမည့် အမှီဝါကျခွဲသုံးခုပါ စကားပုံများတွင် ဝါကျနောက်ဆုံး ပစ္စည်းမပါဝင်သည်ကို တွေ့ရပါသည်။

၎င်းတို့မှာ–

| | | | |
|---|---|---|---|
| ဝါကျရော | →**'အမှီဝါကျခွဲ. . .'၃** | +သီးခြားဝါကျခွဲ | ဝါကျပစ္စည်း |
| cpls | →DCL3. . . | +ICL | +/ – |
| | ဆင်ချည်သောကြိုး | | |
| | ကြက်**ချည်**သော်**မမြဲ** | | |
| | ကြက်ချည်သောကြိုး | | |
| | ဆင်**ချည်**သော် | +မခိုင် | - |
| | ဖားနိုင် ဖား**စား** ငါး**နိုင** | +ငါးစား | - |
| | 'လင်းနို့ခွန်**တောင်း** ကြွက် | | |
| | ကြက်ခွန်**တောင်း** | + လင်းနို့ | - |

**၂။ စကားပုံများ၏ဝါကျဖွဲ့ပုံစီစစ်မှု**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုး(၁၈)ခု၊ ဝါကျရော(၄၃)ခု ပါဝင်သည်ကို ရှေ့တွင်တင်ပြချက်အရ သိခဲ့ရပါသည်။ ဤကဏ္ဍတွင် ထိုဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ကာ ရေးထားသည် စီစစ်တင်ပြပါမည်။ ထို့သို့တင်ပြရာတွင် –

(၁) ဝါကျရိုးဖွဲ့ပုံစီစစ်မှု

(၂) ဝါကျရောဖွဲ့ပုံစီစစ်မှု

ဟူ၍ခွဲခြားကာ စီစစ်တင်ပြသွားပါမည်။

**၂၊ ၁။ ဝါကျရိုးဖွဲ့ပုံစီစစ်မှု**

စကားပုံအများစုသည် အပြောစကားကို အခြေပြု၍ရေးထားကြောင့် **၁၊ ၁။**တွင် တင်ပြချက်များအရ ဝါကျရိုးပံစံဖြင့်ရေးထားသော စကားပုံ(၁၈)ခုတွင် အချို့ဝါကျ၌ **ပုဒ်(phrase)**နှစ်ခုဖြင့်၊ အချို့ဝါကျတွင်ပုဒ်သုံးခုဖြင့် ဝါကျရိုးဖွဲ့ထားသည်။ ဝါကျအဆုံးသတ်မပါဝင်ဘဲ ရေးထားသည်ကို လေ့လာတွေ့ ရှိရပါသည်။ ယင်းတို့ကို

(၁) ဝါကျတွင်ပါသော နာမ်ပုဒ်များ

(၂) ဝါကျအဆုံးသတ်ကြိယာ

ဟူ၍ ကဏ္ဍ(၂)ခုခွဲခြားကာ စီစစ်တင်ပြသွားပါမည်။

**၂၊ ၁၊ ၁။ ဝါကျတွင်ပါသောနာမ်ပုဒ်များ**

စကားလုံးတစ်လုံး သို့မဟုတ် တစ်လုံးထက်ပိုသော စကားလုံးအစုအဝေး တစ်နည်းအားဖြင့် **ဝက်နားရွက်** သို့မဟုတ် **ကျီးတစ်ကောင်အတွက်**တို့သည် ဝါကျထဲတွင် ပါဝင်နေပါက ပုဒ်ဖြစ်သည်။ ထိုအချက် အရ ဝါကျထဲတွင် စကားလုံးနှင့် ပုဒ်သည် အဆင့်ထပ်သည်ဟု ဆိုနိုင်ပါသည်။

နာမ်ပုဒ်ဟူသည် **နာမ်စကားလုံးတစ်ခု/ တစ်ခုထက်ပိုသည့်စကားလုံးများနှင့် ဖွဲ့စည်းထားသော စကာလုံးအစုအဝေး (ကိုလေး၊ ၂၀၀၃၊ ၉၄။)**ဖြစ်သည်။

ဝါကျရိုးပုံစံဖြင့် ရေးထားသော စကားပုံများတွင် ပုဒ်နှစ်ခုတစ်နည်း **နာမ်ပုဒ်(noun phrase)**၊ **ကြိယာပုဒ်(verb phrase)**တို့ဖြင့် ရေးထားသည့် ဝါကျ(၆)ခု ရှိသည်။ ယင်းတို့မှာ–

(၁) ဆင်ခေါင်း ခွေးမချီနိုင်

(၂) နွားကလေးနို့ နွားကြီးစို့

(၃) ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့

(၄) ဓါးကွက်လောက်တော့ ငှက်တိုင်းလှ

(၅) နွားထီးငါးကျပ် နွားမငါးကျပ်

(၆) လင်းတလောက်တော့ ငှက်တိုင်းလှ တို့ ဖြစ်သည်။

ယင်းတို့တွင် ပါဝင်သော နာမ်ပုဒ်တို့ကို စိစစ်လေ့လာကြည့်သောအခါ–

– စကားပုံ'(၁)နှင့်(၂)'တွင်ပါသော နာမ်ပုဒ်တို့မှာ ပြုလုပ်ခြင်းကိုခံရသူ

– စကားပုံ'(၃)မှ(၆)'ထိတွင်ပါသော နာမ်ပုဒ်တို့မှာ ပြုလုပ်သူ

အဖြစ်လည်းကောင်း ဝါကျဖွဲ့ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝါကျရိုးပုံစံဖြင့် ရေးထားသောစကားပုံများရှိ ပုဒ်သုံးခုတစ်နည်း **နာမ်ပုဒ်နှစ်ခု**၊ **ကြိယာပုဒ်**တို့ဖြင့် ရေးထားသည့် ဝါကျ(၁၂)ခုမှာ–

(၁) ကြွက်နားရွက် ဝက် တတ်

(၂) ဆင့်နားရွက် ကြွက် တတ်

(၃) ဝက်နားရွက် ကြွက် တတ်

(၄) ကျီးတစ်ကောင်အတွက် ကျီးများ ပျက်

(၅) ကြောင်တစ်သက် ကြက်တမြုံ

(၆) နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန်

(၇) မျောက်မြီးနှင့် မျောက် ချည်

(၈) ဆင်သေကို ဆိတ်ရေနှင့် ဖုံး

(၉) ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာနှင့်

(၁၀) ခြင်္သေ့မင်းရှေ့ ယုန်သူငယ် မသန်းဝံ့

(၁၁) ငါးကြင်းဆီနှင့် ငါးကြင်း ကြော်

(၁၂) နဂါးပြည်နဂါး ဂဠုန်ပြည် ဂဠုန် တို့ ဖြစ်သည်။

ယင်းတို့တွင် ပါဝင်သော နာမ်ပုဒ်(၂)ခုကို စိစစ်လေ့လာကြည့်သောအခါ–

- စကားပုံ'(၁)မှ(၃)'တွင် ပြုလုပ်ခြင်းကိုခံရသူနှင့် နေရာပြပုဒ်
- စကားပုံ(၄)တွင် ရည်စူးချက်ပြနှင့် ပြုလုပ်သူ
- စကားပုံ(၅)တွင် အကြောင်းပြနှင့် ပြုလုပ်သူ
- စကားပုံ(၆)တွင် နေရာပြ(၂)ခုအဖြစ်
- စကားပုံ(၇)တွင် အသုံးခံပြနှင့် ပြုလုပ်ခြင်းခံရသူ
- စကားပုံ(၈)တွင် ပြုလုပ်ခြင်းခံရသူနှင့် အသုံးခံပြ
- စကားပုံ(၉)တွင် အသုံးခံပြ(၂)ခုအဖြစ်
- စကားပုံ(၁၀)တင် နေရာပြနှင့် ပြုလုပ်သူ
- စကားပုံ(၁၁)တွင် ယှဉ်တွဲပြနှင့် ပြုလုပ်ခြင်းခံရသူ
- စကားပုံ(၁၂)တွင် နေရာပြ(၂)ခု အဖြစ်လည်းကောင်း

ဝါကျဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထူးခြားချက်မှာ ယခုတင်ပြခဲ့သည့်စကားပုံ(၁၂)ခုမှ စကားပုံ(၄၊ ၇၊ ၈)တွင် ရှေ့တွင်ရသော နာမ်ပုဒ်တို့တွင်သာ နာမ်ပုဒ်ဖြစ်ကြောင်း အဆုံးသတ်ပစ္စည်းပါဝင်ပြီး ကျန်စကားပုံများရှိ နာမ်ပုဒ်များတွင် နာမ်ပုဒ်ဖြစ်ကြောင်း အဆုံးသတ်ပစ္စည်းမပါဝင်ဘဲ ရေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။

### ၂၊ ၁၊ ၂။ ဝါကျအဆုံးသတ်ကြိယာ

ကြိယာသည် ဤစာတမ်းတွင် ဖော်ပြမည့် သဒ္ဒါအမျိုးအစားများအနက် တစ်ခုဖြစ်သည်။ မြန်မာသဒ္ဒါက ကြိယာကို အနက်အဓိပ္ပာယ်အရ**(ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ပြသောပုဒ်'မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၁၃။')** သတ်မှတ်၍ ဘာသာဗေဒက ဖွဲ့စည်းတည်ဆောက်ပုံအရ သတ်မှတ်သည့် သဘောရှိသည်။

ဘာသာဗေဒသဘောအရ **အမေးဝါကျ**(question sentence) '. . . သလား'ကွက်လပ်တွင် အစားထိုးနိုင်ပါက ကြိယာဟုသတ်မှတ်ပါသည်။ သာဓကအားဖြင့် 'စား၊ သနား'တို့ကို ရှေ့ဝါကျကွက်လပ်တွင် အစားထိုးလိုက်လျှင် မြန်မာစကားပြောသူတက လက်ခံနိုင်သောကြောင့် ကြိယာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာစကားရှိကြိယာတို့ကို **ကြိယာရိုး**(simple verb)၊ **ကြိယာရော** (com plex verb)၊ **ကြိယာပေါင်း** (compound verb) ဟူ၍ (၃)မျိုး ခွဲခြားနိုင်သည်။

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများရှိ ဝါကျရိုး(၁၈)ခုကို စိစစ်ကြည့် သောအခါ ကြိယာမပါဘဲ ရေးထားသည့် ဝါကျရိုး၊ လုံးချင်းကြိယာဖြင့် ရေးထားသည့် ဝါကျရိုး၊ လုံးတွဲကြိယာဖြင့် ရေးထားသည့် ဝါကျရိုးဟူ၍ (၃)မျိုး ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။

**ကြိယာမပါဘဲ ရေးထားသည့် ဝါကျရိုး(၅)ခု** ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင် –

| ဝါကျရိုး | → သီးခြားဝါကျ | | ဝါကျပစ္စည်းမရှိ |
|---|---|---|---|
| Ss | ICL | | - |
| | ကြောင်တစ်သက် ကြက်တမြုံ | – | - |
| | ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး | – | - |

| | | | |
|---|---|---|---|
| | ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း | | |
| | ပုရွက်ဆိတ်အထွာနှင့် | – | - |
| | နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန် | – | - |
| | နွားထီးငါးကျပ် နွားမငါးကျပ် | – | - |

**ကြိယာရိုးဖြင့် ရေးထားသည့်ဝါကျရိုး(၁၀)ခု** ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင်–

| ဝါကျရိုး | → သီးခြားဝါကျ | | ဝါကျပစ္စည်းမရှိ |
|---|---|---|---|
| Ss | ICL | | - |
| | ကျီးတစ်ကောင်အတွက် ကျီးများ | ပျက် | - |
| | ကြွက်နားရွက် ဝက် | တတ် | - |
| | ငါးကြင်းဆီနှင့် ငါးကြင်း | ကြော် | - |
| | ဆင်သေကို ဆိတ်ရေနှင့် | ဖုံး | - |
| | ဆင့်နားရွက် ကြွက် | တတ် | - |
| | ဖီးကွက်လောက်တော့ ငှက်တိုင်း | လှ | - |
| | နွားကလေးနို့ နွားကြီး | စို့ | - |
| | မျောက်မြီးနှင့် မျောက် | ချည် | - |
| | လင်းတလောက် ငှက်တိုင်း | လှ | - |
| | ဝက်နားရွက် ကြွက် | တတ် | - |

**အငြင်းပစ္စည်း+ကြိယာ+အကူကြိယာ'**auxiliary**'ဖြင့် ရေးထားသည့်ဝါကျရိုး(၃)ခု** ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင်–

| ဝါကျရိုး | → သီးခြားဝါကျ | | ဝါကျပစ္စည်းမရှိ |
|---|---|---|---|
| Ss | ICL | | - |
| | ခြသေ့်မင်းရှေ့ ယုန်သငယ် | **မ**သန်းဝံ့ | - |
| | ဆင်ခေါင်း ခွေး | **မ**ချီနိုင် | - |
| | ဆင်ဖြူမျက်နှာ ဆင်မဲ | **မ**ကြည့်ဝံ့ | - |

တို့ ဖြစ်ပါသည်။

## ၂။ ၂။ ဝါကျရေးဖွဲ့ပုံစိစစ်မှု

စကားပုံများ၏ဝါကျရေးဖွဲ့ပုံကို အမှီဝါကျတစ်ခုပါသော၊ အမှီဝါကျနှစ်ခုပါသော၊ အမှီဝါကျနှစ်ခု မကပါသော ဝါကျရေးဖွဲ့ပုံ ဟူ၍ ကဏ္ဍ(၃)ခုခွဲခြားကာ စိစစ်တင်ပြသွားပါမည်။

### ၂၊ ၂၊ ၁။ အမှီဝါကျတစ်ခုပါသောဝါကျရေးဖွဲ့ပုံ

**၁၊ ၂၊ ၁။**တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျတစ်ခုပါသော ဝါကျရေးဖွဲ့ပုံ(၃၄)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁)ဝါကျရောအတွင်းရှိပုဒ်

(၂)ဝါကျရောအတွင်ရှိ ကြိယာပုဒ်

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ်လေ့လာ တင်ပြသွားပါမည်။

### ၂၊ ၂၊ ၁၊ ၁။ဝါကျရောအတွင်းရှိပုဒ်

အမှီဝါကျခွဲအများစုသည် ကြိယာပုဒ်တစ်ခုတည်းသာပါဝင်ပြီး ယခုတင်ပြမည့် စကားပုံ (၇)ခုတွင်သာ နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်း ပုဒ်(၂)ခုဖြင့် ရေးထားသည်ကို လေ့လာတွေ့ရှိ ရသည်။ ယင်းတို့မှာ–

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | | **ဝါကျပစ္စည်း** |
|---|---|---|---|
| (၁) ကျီးဘုတ်ရှိသေ | ဘုတ်ကျီး | ရှိသေ | - |
| (၂) ကြောင်ရုပ်ဖြစ်စေ | | | |
| ကြွက်သေတာ | | လိုရင်း | - |
| (၃) စာဥ ဒေါင်းအုပ် | ဒေါင်းဥ | စာဥ | - |
| (၄) တောကြောင့် ကျားလုံ | ကျားကြောင့် | တောလုံ | - |
| (၅) ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ကောက်ကောက်သွားက | ကောက်ကောက် | လိုက် | ၏ |
| (၆) ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ဖြောင့်ဖြောင့်သွားက | ဖြောင့်ဖြောင့် | လိုက် | ၏ |
| (၇) လုံဖျား ပုစဉ်းနား | ကျီးကန်း | ချေး | ပါ |

တို့ ဖြစ်ပါသည်။

ထိုအတူ သီးခြားဝါကျခွဲအများစုသည်လည်း ကြယာပုဒ်တစ်ခုတည်းသာပါဝင်ပြီး ယခုတင်ပြမည့် စကားပုံ(၁၃)ခုတွင်သာ နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခု၊နာမ်ပုဒ်(၂)ခု၊ကြိယာ ပုဒ်တစ်ခု တစ်နည်းပုဒ်(၃)ခုဖြင့် ရေးထားသည်ကို လေ့လာတွေ့ရှိရသည်။

နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားသော သီးခြားဝါကျခွဲများမှာ

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | | **ဝါကျပစ္စည်း** |
|---|---|---|---|
| (၁) ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်ရ | - |
| (၂) ဆင်ပိန် | ကျွဲလောက် | – | - |
| (၃) တောကြောင့် ကျားလုံ | ကျားကြောင့် | တောလုံ | - |
| (၄) ပျားလည်းစွဲသာ | ရှဥ့်လည်းလျှောက်သာ | - | - |

| | | | |
|---|---|---|---|
| (၅) ဖားကိုလို | ဖားပေါင်ဖြင့် | မျှား | - |
| (၆) မျောက်သားစားချင် | မျောက်မျက်နှာ | ကြည့် | - |
| (၇) မျောက်သားစားချင် | မျောက်မျက်နှာ | မကြည့် | နှင့် |
| (၈) ရှဥ့်လည်းလျှောက်သာ | ပျားလည်းစွဲသာ | - | - |
| (၉) လင်းတလောက်တော့ | ငှက်တိုင်း | လှ | - |

တို့ ဖြစ်သည်။

နာမ်ပုဒ်(၂)ခုနှင့် ကြိယာပုဒ် တစ်နည်းပုဒ်(၃)ခုဖြင့် ရေးထားသော သီးခြားဝါကျခွဲများမှာ–

| | | | |
|---|---|---|---|
| (၁)ကျီးဘုတ်ရိုသေ | ဘုတ်ကျီး | ရိုသေ | - |
| (၂)ယုန်တောင်ပြေး | ခွေးမြောက် | လိုက် | - |
| (၃)ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ကောက်ကောက်သွားက | ကောက်ကောက် | လိုက် | ၏ |
| (၄)ရှေ့ဆောင်နွားလား | နောက်နွားတစ်သိုက် | | |
| ဖြောင့်ဖြောင့်သွားက | ဖြောင့်ဖြောင့် | လိုက် | ၏ |

တို့ ဖြစ်သည်။

### ၂။ ၂။ ၁။ ၂။ဝါကျရောအတွင်းရှိကြိယာပုဒ်

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုတွင် အမှီဝါကျခွဲပြ ပစ္စည်းမပါဘဲ ရေးထားသော ဝါကျရော(၂၂)ခု ပါဝင်နေသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ယင်းတို့မှာ–

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | | **ဝါကျပစ္စည်း** |
|---|---|---|---|
| (၁) ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်ရ | - |
| (၂) ကျီးဘုတ်ရိုသေ | ဘုတ်ကျီး | ရိုသေ | - |
| (၃) ကြောင်မရှိ | ကြွက် | ထ | - |
| (၄) ကြောင်မရှိ | ကြွက် | မြူး | - |
| (၅) ကြောင်အို | ကြွက် | မလေး | - |
| (၆) ငါးကြော်မကြိုက် | ကြောက် | မိုက် | - |
| (၇) ငါးစိမ်းမြင် | ငါးကင် | ပြစ် | - |
| (၈) ငါးပွက်ရာ | ငါးစာ | ချ | - |
| (၉) စာဥ ဒေါင်းအုပ် | ဒေါင်းဥ | စာအုပ် | - |
| (၁၀) ဆင်ပိန် | ကျွဲလောက် | – | - |
| (၁၁) ဆင်မတတ်နိုင် | ကြွက် | တတ်နိုင် | ၏ |
| (၁၂) တောကြောင့် ကျားလုံ | ကျားကြောင့် | တောလုံ | - |

| | | | |
|---|---|---|---|
| (၁၃) နွားကွဲ | | ကျား | ကိုက် - |
| (၁၄) နွားပျိုသန်လှ | နွားအိုး | ပေါင်ကျိုး | - |
| (၁၅) ပျားလည်းစွဲသာ | ရှဥ့်လည်းလျှောက်သာ | - | - |
| (၁၆) ဖားကိုလို | ဖားပေါင်ဖြင့် | မျှား | - |
| (၁၇) မျောက်သားစားချင် | မျောက်မျက်နှာ | ကြည့် | - |
| (၁၈) မျောက်သားစားချင် | မျောက်မျက်နှာ | မကြည့် | နှင့် |
| (၁၉) ယုန်ကျူးချည် | ခွေးကျူးချည် | - | - |
| (၂၀) ယန်တောင်ပြေး | ခွေးမြောက် | လိုက် | - |
| (၂၁) ယုန်ထောင် | ကြောင် | မိ | - |
| (၂၂) လုံဖျား ပုစဥ်းနား | ကျီးကန်း | ချေး | ပါ |

တို့ ဖြစ်ပါသည်။

တစ်ဖန် သီးခြားဝါကျခွဲ အများစုသည်းလည်း ဝါကျအဆုံးသတ်ပစ္စည်းမပါဘဲ ဝါကျရော (၆)တွင်သာ ဝါကျအဆုံးသတ်ပစ္စည်းထည့်ကာ ရေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ယင်း တို့မှာ–

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **ဝါကျပစ္စည်း** |
|---|---|---|
| (၁) ကျောင်းခံတွင်းပျက်နှင့် | ဆက်ရက်တောင်ပံကျိုး | သည် |
| (၂) ဆင်မတတ်နိုင် | ကြွက်တတ်နိုင် | ၏ |
| (၃) မျောက်သားစားချင် | မျောက်မျက်နှာမကြည့် | နှင့် |
| (၄) ရှေ့ဆောင်နွားလား<br>ကောက်ကောက်သွားက | နောက်နွားတစ်သိုက်<br>ကောက်ကောက်လိုက် | ၏ |
| (၅) ရှေ့ဆောင်နွားလား<br>ဖြောင့်ဖြောင့်သွားက | နောက်နွားတစ်သိုက်<br>ဖြောင့်ဖြောင့်လိုက် | ၏ |
| (၆) လုံဖျား ပုစဥ်းနား | ကျီးကန်းချေး | ပါ |

တို့ ဖြစ်သည်။

အမှီဝါကျခွဲတွင် ဖြစ်စေ၊ သီးခြားဝါကျခွဲတွင်ဖြစ်စေ တူညီသည့် **ကြိယာအထူးပြု**(adverbial) ပါဝင်သော စကားပုံ(၂)ခုကိုလည်းလေ့လာစိစစ်တွေ့ရှိရပါသည်။ ယင်းတို့မှာ–

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **ဝါကျပစ္စည်း** |
|---|---|---|
| (၁)ရှေ့ဆောင်နွားလား<br>**ကောက်ကောက်**သွားက | နောက်နွားတစ်သိုက်<br>**ကောက်ကောက်**လိုက် | ၏ |
| (၂)ရှေ့ဆောင်နွားလား<br>**ဖြောင့်ဖြောင**သွားက | နောက်နွားတစ်သိုက်<br>**ဖြောင့်ဖြောင**လက် | ၏ |

တို့ ဖြစ်သည်။

တစ်ဖန် သီးခြားဝါကျခွဲတွင် အငြင်းပြပစ္စည်းပါသောဝါကျရော(၁)ခု၊ အကူကြိယာပါသော ဝါကျရော(၂)ခု၊ အပြောပုံစံဖြင့် အဆုံးသတ်ကာ ရေးထားသောဝါကျ(၁)ခုကိုလည်း လေ့လာစိစစ်တွေ့ရှိရပါသည်။ ယင်းတို့မှာ –

| **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **ဝါကျပစ္စည်း** | |
|---|---|---|---|
| (၁)ကြောင်အို | ကြွက် | **မလေး** | - |
| (၂)ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်**ရ** | - |
| (၃)ဆင်မတတ်နိုင် | ကြွက် | တတ်**နိုင်** | ၏ |
| (၄)မျောက်သားစားချင် | မျောက်မျက်နှာ | မကြည့် | **နှင့်** |

တို့ ဖြစ်ပါသည်။

## ၂၊ ၂၊ ၂။ အမှီဝါကျနှစ်ခုပါသောဝါကျရောဖွဲ့ပုံ

**၁၊ ၂၊ ၂**။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံ(၆)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁)ဝါကျရောအတွင်းရှိပုဒ်

(၂)ဝါကျရောအတွင်းရှိ ကြိယာ

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ် လေ့လာတင်ပြသွားပါမည်။

## ၂၊ ၂၊ ၂၊ ၁။ ဝါကျရောအတွင်းရှိပုဒ်

**၁၊ ၂၊ ၂**။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံများကို လေ့လာကြည့်သောအခါ ဝါကျရော(၆)ခုရှိ အမှီဝါကျတိုင်းသည် နာမ်ပုဒ်နှင့် ကြိယာပုဒ်တို့ဖြင့် ဖွဲ့စည်းထားသည်။

ဝါကျရောရှိ သီးခြားဝါကျခွဲများကို လေ့လာကြည့်သောအခါ သီးခြားဝါကျခွဲအများစု ပုဒ်တစ်ခုတည်းဖြင့် ရေးထားပြီး ဝါကျရောတစ်ခုတွင်မူ သီးခြားဝါကျခွဲအဖြစ် သတ်မှတ်ရမည့် ပုဒ်တစ်ခုမှ မပါဝင်ပါ။ သို့သော်လည်း အဓိပ္ပာယ်အဆက်အစပ်အရ သီးခြားဝါကျခွဲကို မြုပ်၍ရေးထားသည့်သဘော စိစစ်တွေ့ရှိရပါသည်။

## ၂၊ ၂၊ ၂၊ ၂။ ဝါကျရောအတွင်းရှိကြိယာ

**၁၊ ၂၊ ၂**။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံများကို လေ့လာကြည့်သောအခါ ဝါကျရော(၅)ခုရှိ အမှီဝါကျ တိုင်းသည် လုံးချင်းကြိယာဖြင့်ရေးထားပြီး ဝါကျရောတစခုရှိ အမှီဝါကျတစ်ခုတွင်သာ **'လမ်းကူး'** ကြိယာပေါင်းဖြင့် ရေးထားသည်။

ထို့ပြင် ဝါကျရော(၅)ခုရှိ အမှီဝါကျတိုင်းတွင် ဝါကျအဆုံးသတ်ပစ္စည်းပါဝင်ပြီး **'ငါးတု ခရုပွက် အိုင်ပျက်'**ဝါကျရောရှိ အမှီဝါကျများတွင်သာ ဝါကျအဆုံးပစ္စည်း မပါဝင်သည်ကို စိစစ် တွေ့ရှိရပါသည်။

ဝါကျရော(၅)ခုရှိ သီးခြားဝါကျခွဲများသည် ဝါကျအဆုံးပစ္စည်းမပါဝင်ဘဲ **'ကျားချင်းကိုက်ရာ သမင်ကူ မှားသည်'**ဝါကျရောရှိ သီးခြားဝါကျခွဲတွင်သာ ဝါကျအဆုံးပစ္စည်းပါဝင်ပါသည်။

ထို့ပြင် သီးခြားဝါကျခွဲများတွင် ကြိယာတစ်ခုတည်းဖြင့် ရေးထားသော ဝါကျရော(၂)ခု၊ ကြိယာပုဒ် တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၁)ခု၊ ကြိယာအထူးပြု+ ကြိယာမပါဘဲရေးထားသော ဝါကျရော (၁)ခု၊ ကြိယာမပါဘဲရေးထားသောဝါကျရော(၁)ခု၊ အငြင်းပြပစ္စည်း+ကြိယာ ဖြင့်ရေးထားသော ဝါကျရော(၁)ခုတို့ ဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

## ၂၊ ၂၊ ၃။ **အမှီဝါကျသုံးခုပါသောဝါကျရောဖွဲ့ပုံ**

**၁၊ ၂၊ ၃။**တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံ(၃)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁) ဝါကျရောအတွင်းရှိပုဒ်

(၂) ဝါကျရောအတွင်ရှိ ကြိယာ

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ် လေ့လာတင်ပြသွားပါမည်။

### ၂၊ ၂၊ ၃၊ ၁။ **ဝါကျရောအတွင်းရှိပုဒ်**

**၁၊ ၂၊ ၃။**တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံများတွင် ပါဝင်သောပုဒ်ဖွဲ့ပုံကို လေ့လာကြည့်သောအခါ –

အမှီဝါကျခွဲတွင် **နာမ်အထူးပြု**(adjectival) + နာမ် + ကြိယာပေါင်းဖြင့် ရေးထားသော ဝါကျ ရော(၁)ခု၊ ကြိယာပေါင်းဖြင့် ရေးထားသောဝါကျရော(၁)ခု၊ ကျန်ဝါကျရောသည် ကံပုဒ်+ ကြိယာပေါင်း ဖြင့် ရေးထားသည်ကို စိစစ်တွေ့ရှိရပါသည်။

သီခြားဝါကျခွဲတွင် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၂)ခု၊ ကြိယာပုဒ်မြှုပ်၍ ရေးထားသော ဝါကျရော(၁)ခုဟူ၍ စိစစ်တွေ့ရှိရပါသည်။

### ၂၊ ၂၊ ၃၊ ၂။ **ဝါကျရောအတွင်းရှိကြိယာ**

**၁၊ ၂၊ ၃။**တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံများတွင် ပါဝင်သောကြိယာဖွဲ့ပုံကို လေ့လာကြည့်သောအခါ –

အမှီဝါကျခွဲရှိ ကြိယာများမှာ နာမ်ပေါင်းကြိယာ(ကြက်ချည်၊ ဖားနိုင်)ဖြင့်ရေးထားပြီးကြိယာ မြှုပ်၍ရေးထားသည်ကိုလည်း စိစစ်တွေ့ရှိရပါသည်။

သီးခြားဝါကျခွဲရှိ ကြိယာများမှာ အငြင်းပြ+ကြိယာ(မခိုင်)၊ နာမ်ပေါင်းကြိယာ(ငါစား)နှင့် ကြိယာ မြှုပ်၍ရေးထားသည်လည်း ပါဝင်နေသည်ကို စိစစ်တွေ့ရရပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာစာအဖွဲ့ကထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်တွင် ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်ကို စကားပုံများ၏ဝါကျဖွဲ့ပုံနှင့် စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်မှု ဟူ၍တင်ပြခဲ့ပါသည်။ ဤသို့တင်ပြခဲ့သည်များကို အခြေပြုကာ ကဏ္ဍ(၂)ခု ခွဲခြားကာ အသေးစိတ်သုံးသပ် တင်ပြသွားမည်။

### ၃၊ ၁။ စကားပုံများ၏ဝါကျဖွဲ့ ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ဝါကျဖွဲ့ပုံကို ဝါကျရိုးဖွဲ့ပုံသုံးသပ်ချက်နှင့် ဝါကျရောဖွဲ့ပုံ သုံးသပ်ချက်ဟူ၍ ကဏ္ဍ(၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။

### ၃၊ ၁၊ ၁။ ဝါကျရိုးဖွဲ့ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုး(၁၈)ခုပါဝင်သည်။ ယင်းတို့ကို လေ့လာကြည့်သောအခါ–

(၁) 'ကျီးတစ်ကောင်းအတွက် ကျီးများပျက်၊ မျောက်မြီးနှင့် မျောက်ချည်'စသည့် စကားပုံတစ်ခု အဓိပ္ပာယ် တစ်ခုဖြင့် ရေးထားသောဝါကျရိုး(၁၃)ခု၊

(၂) 'ကြွက်နားရွက် ဝက်တတ်၊ ဆင့်နားရွက် ကြွက်တတ်၊ ဝက်နားရွက် ကြွက်တတ်၊ ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး၊ နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန်'ဟူသည့် ပြောင်းပြန်သဘောဖြင့် ရေးထားသော ဝါကျရိုး(၅)ခု ပါဝင်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

### ၃၊ ၁၊ ၂။ ဝါကျရောဖွဲ့ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရော(၄၃)ခုပါဝင်သည်။ ယင်းတို့တွင် အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခု၊ အမှီဝါကျနှစ်ခုပါသော ဝါကျရော (၆)ခု၊ အမှီဝါကျသုံးခု ပါသော ဝါကျရော(၃)ခု ပါဝင်သည်ကို တွေ့ရှိရပါသည်။

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုကို လေ့လာကြည့်သောအခါ –

(၁) 'ကျားသနားမှ နွားချမ်းသာ၊ ဆင်ပိန် ကျွဲလောက်'၊ စကားပုံတစ်ခု အဓိပ္ပာယ်တစ်ခုဖြင့်ရေးထား သော ဝါကျရော(၂၆)ခု

(၂) ပျားလည်းစွဲသာ ရှဥ့်လည်းလျှောက်သာ၊ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ မျောက်သား စားချင် မျောက်မျက်နှာကြည့်၊ မျောက်သားစားချင် မျောက်မျက်နှာမကြည့်နှင့်၊ ရှေ့ဆောင်နွားလား ကောက်ကောက်သွားက နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏'ပြောင်းပြန်သဘောဖြင့် ရေးထားသော ဝါကျရော(၆)ခု

(၃) ကြောင်မရှိ ကြွက်**ထ**၊ ကြောင်မရှိ ကြွက်**မြူး**'အဓိပ္ပာယ်တူသော်လည်း ကြိယာအသုံး ပြောင်းထားသည့် ဝါကျရော(၂)ခု ပါဝင်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

အမှီဝါကျနှစ်ခုပါသော ဝါကျရော( ၆ )ခုကို လေ့လာကြည့်သောအခါ သမင်မွေးရင်း ကျား စားရင်း၊ ကျားချင်းကိုက်ရာ သမင်ကူမှာသည်' စသဖြင့် စကားပံတစ်ခုအဓိပ္ပာယ်တစ်ခုဖြင့် ရေးထားသောဝါကျရော များသာ ဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခကို လေ့လာကြည့်သောအခါ 'ဖားနိုင်ဖားစားငါးနိုင် ငါးစား'စသဖြင့် စကားပုံတစ်ခုအဓိပ္ပာယ်တစ်ခုဖြင့် ရေးထားသောဝါကျရောများသာ ဖြစ်သည်ကို စိစစ် တွေ့ရှိရပါသည်။

## ၃၊ ၂။ စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်မှု သုံးသပ်ချက်

စကားပုံသည် တစ်ဦးကတစ်ဦးကို တစ်ဦးကတစ်ဖွဲ့ကို သိလွယ်မြင်လွယ်အောင် ရှေးက ပြောဆိုခဲ့သည်များကို ပမာပြု၍ ခိုင်းနှိုင်းသည့်အပြောစကား ဖြစ်နေ၍ စကားပုံအများစုတွင် 'နာမ်ပုဒ် ဖြစ်ကြောင်း၊ ကြိယာပုဒ်ဖြစ်ကြောင်း'ပစ္စည်းမပါဝင်ပါ။ တစ်နည်းစကားပုံအများစုသည် အပြောပုံ သဏ္ဌာန် ဖြင့် ရေးထားသည်ကများပြီး အရေးပုံသဏ္ဌာန်ဖြင့် ရေးထားသည်က နည်းပါသည်။ အချို့စကားပုံများ ဆိုလျှင် ကြိယာပင်မြှုပ်၍ရေးထားသည်။ ထိုအချက်ကြောင့် ဝါကျဖွဲ့ပုံများကို စိစစ်တင်ပြရာတွင် စကားပုံ များ၏အဓိပ္ပာယ်ကိုလည်းကောင်း၊ စကားပုံတစ်ခုချင်းအနေအထားနှင့် ယင်းတွင်ပါသော ပုဒ်တို့၏ သဘောသဘာဝကိုလည်းကောင်း အခြေပြု၍စိစစ်မှု ပြုလုပ်ခဲ့ရပါသည်။

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်မှုကို ဝါကျရိုးဖွဲ့ပုံစိစစ်မှု သုံးသပ်ချက်နှင့် ဝါကျရောဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်ဟူ၍ ကဏ္ဍ(၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။

### ၃၊ ၂၊ ၁။ ဝါကျရိုးဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုးပုံစံဖြင့် ရေးထားသော ဝါကျ (၁၈) ခု ရှိသည်။ ယင်းတိုကို အသေးစိတ်စိစစ်ကြည့်သောအခါ –

(၁) 'နွားကလေးနို့ နွားကြီးစို့'စသည့် နာမ်ပုဒ်တစ်ခု+ကြိယာဖြင့် ရေးထားသော ဝါကျရိုး(၆)ခု

(၂) 'ကြွက်နားရွက် ဝက်တတ်'စသည့် နာမ်ပုဒ်နှစ်ခု+ကြိယာဖြင့် ရေးထားသော ဝါကျရိုး(၁၂)ခု

(၃) 'ကြောင်တစ်သက် ကြက်တမြုံ'စသည့် ကြိယာပုဒ် မပါဘဲ ရေးထားသော ဝါကျရိုး(၅)ခု

(၄) 'မျောက်မြီးနှင့် မျောချည်'စသည့် ကြိယာရိုးဖြင့် ရေးထားသော ဝါကျရိုး(၁၀)ခု

(၅) 'ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ဝံ့'စသည့် အငြင်းပစ္စည်း+ကြိယာ+အကူကြိယာဖြင့် ရေးထားသည့် ဝါကျရိုး(၃)ခုတို့ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

### ၃၊ ၂၊ ၂။ ဝါကျရောဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရောပုံစံဖြင့် ရေးထားသော ဝါကျ (၄၃)ခု ရှိသည်။ ယင်းတို့တွင် အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခု၊ အမှီဝါကျနှစ်ခုပါသော ဝါကျရော (၆)ခု၊ အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခု ပါဝင်သညကို တွေ့ရှိရပါသည်။

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) ဝါကျရောရှိ **'ကြောင်အိုကြွက်မလေး'**စသည့် အမိုဝါကျခွဲ(၂၇)ခုသည် ပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း၊

ကျီးဘုတ်ရှိသေ ဘုတ်ကျီးရှိသေ'စသည့် အမိုဝါကျခွဲ(၇)ခုသာ နာမ်ပုဒ်+ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားခြင်း

(၂) ဝါကျရောရှိ 'ယုန်ထောင်ကြောင်မိ'စသည်သီးခြားဝါကျခွ (၂၁)ခုသည် ပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

'ဆင်ပိန်ကျွဲလောက်'စသည့် သီးခြားဝါကျဝါကျခွဲ(၉)ခုသည် နာမ်ပုဒ်+ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားခြင်း

'ကျီးဘုတ်ရှိသေ ဘုတ်ကျီးရှိသေ'စသည့် သီးခြားဝါကျဝါကျခွဲ(၄)ခုသည် နာမ်ပုဒ်နှစ်ခု+ကြိယာပုဒ် တစ်နည်း ပုဒ်(၃)ခုဖြင့် ရေးထားခြင်း

(၃) ဝါကျရောရှိ 'ဖားတုလို့ခရုခုန်'စသည့် အမိုဝါကျခွဲ(၁၂)ခုတွင်သာ အမိုဝါကျခွဲပြပစ္စည်း ပါဝင်ခြင်း

'ယုန်ထောင်ကြောင်မိ'စသည့် အမိုဝါကျခွဲ(၂၂)ခုတွင်သာ အမိုဝါကျခပြပစ္စည်း မပါဝင်ခြင်း

(၄) ဝါကျရောရှိ 'ဆင်ပိန်ကျွဲလောက်'စသည့် သီးခြားဝါကျခွဲ(၂၈)ခုတွင် ဝါကျအဆုံးသတ်ပစ္စည်း မပါဝင်ခြင်း

ဝါကျရောရှိ 'ဆင်မတတ်နိုင် ကြွက်တတ်နိုင်၏'စသည့် သီးခြားဝါကျခွဲ(၆)ခုတွင်သာဝါကျ အဆုံးသတ်ပစ္စည်း ပါဝင်ခြင်းရှိသည်ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

အမိုဝါကျနှစ်ခုပါသော ဝါကျရော(၆)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) ဝါကျရောရှိ 'ကျားချင်းကိုက်ရာ သမင်ကူမှားသည်' စသည့် အမိုဝါကျခွဲအားလုံးသည် နာမ်ပုဒ်+ ကြိယာပုဒ်တို့ဖြင့် ရေးထားခြင်း

(၂) ဝါကျရောရှိ 'ကျားချင်းကိုက်ရာ သမင်လမ်းကူ မှားသည်'စသည့် သီးခြားဝါကျခွဲ အားလုံးသည် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

(၃) 'သမင်မွေးရင်း ကျားစားရင်း' ဝါကျရောတစ်ခုတွင်သာ သီးခြားဝါကျခွဲအဖြစ် သတ်မှတ်ရမည့် ပုဒ်တစ်ခုမှ မပါဝင်ဘဲ ရေးထားခြင်းတို့ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

အမိုဝါကျသုံးခုပါသော ဝါကျရော(၃)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) 'ဆင်ချည်သောကြိုး ကြက်**ချည်**သော်**မမြဲ** ကြက်ချည်သောကြိုး ဆင်**ချည်**သော် မခိုင် အမိုဝါကျခွဲတွင် နာမ်အထူးပြု+နာမ်+ နာမ်ပေါင်းကြိယာဖြင့် ရေးထားခြင်း

'ဖား**နိုင်** ဖား**စား** ငါး**နိုင** ငါးစား'အမိုဝါကျခွဲများကို နာမ်ပေါင်းကြိယာဖြင့် ရေးထားခြင်း

'လင်းနို့ခွန်**တောင်း** ကြွက် ကြွက်ခွန်**တောင်း** လင်းနို့' အမိုဝါကျခွဲများကိုကံပုဒ်+ကြိယာပေါင်းဖြင့် ရေးထားခြင်း

(၂) 'ဖားနိုင် ဖားစား ငါးနိုင် **ငါးစား'**စသည့် သီခြားဝါကျခွဲတင် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၂)ခုကို ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

လင်းနို့ခွန်**တောင်း** ကြွက် ကြွက်ခွန်**တောင်း** လင်းနို့'ဟူသည့် သီးခြားဝါကျခွဲတွင်ကြိယာပုဒ် မပါဝင်ဘဲ ရေးထားခြင်း

(၃) **'ဖားနိုင်ဖားစား ငါးနိုင်ငါးစား'**စသဖြင့် အမှီဝါကျခွဲများအားလုံးကို ကြိယာပစ္စည်းမြုပ်၍ရေးထားခြင်း

(၄) ဖား**နိုင်** ဖား**စား** ငါး**နိုင်** ငါးစား'စသဖြင့် သီးခြားဝါကျခွဲ(၂)တွင် ကြိယာပစ္စည်းမြုပ်၍ရေးထားခြင်း၊ သီးခြားဝါကျခွဲတစ်ခုတွင်မူ ကြိယာပုဒ် မြုပ်၍ ရေးထားခြင်းတို့ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

## နိဂုံး

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံ စိစစ်ချက်'ဟူသော ဤစာတမ်းတွင် (၃)ပိုင်းခွဲကာ တင်ပြခဲ့ပါသည်။ **အပိုင်းတစ်**တွင် တိရစ္ဆာန်ကိုတိရစ္ဆာနဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျရိုးဖွဲ့ပုံ၊ ဝါကျရောဖွဲ့ပုံများကို တင်ပြခဲ့သည်။ **အပိုင်းနှစ်**တွင် ဝါကျရိုးဖွဲ့ပုံ၊ ဝါကျရောဖွဲ့ပုံများကို မိမဖတ်မှတ်ထားသည့် စာပေများ၊ ပညာရှင်ဆရာကြီးများ၏သင်ပြမှုအရ သိလာရသော အတွေးအမြင်နှင့် သိမှတမှုများအရ အသေးစိတ်စိစစ်တင်ပြခဲ့သည်။ **အပိုင်းသုံး**တွင် 'ကဏ္ဍတစ်နှင့် ကဏ္ဍနှစ်' တို့တွင် တင်ပြခဲ့သည်များကို မိမိဉာဏ်ပညာအရ ခွခြမ်းစိတ်ဖြာ စိစစ်သုံးသပ်တင်ပြခဲ့ပါသည်။ ထို့ကြောင့်လည်း **'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်'** ဟူသော ဤ စာတမ်းသည် ဘာသာစကားကို အထူးပြုလေ့လာနေသူများအတွက် အထောက်အပံ့ကောင်း ဖြစ်လိမ့်မည်ဟု စာတမ်းပြုစုက ယုံကြည်မိပါသည်။

## ကျမ်းကိုးစာရင်း

**မြန်မာဘာသာ**

ကိုလေး၊ **မောင်**။ (၂၀၀၃)။ ***မြန်မာသဒ္ဒါ (ဘာသာဗေဒလေ့လာချက်)*** ။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ ***မြန်မာစကားပုံ***၊ တတိယအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာစာနှင့် ဘာသာစကား ပညာဦးစီးဌာန။ (၂၀၁၆)။ ***ခရီးဆောင်အင်္ဂလိပ်-မြန်မာအဘိဓာန်***၊ ဒုတယအကြိမ်။ ရန်ကုန်၊ ပုံနှိပ်တိုက်မပါ။

***မြန်မာသဒ္ဒါ၊*** ပထမအကြိမ်။(၂၀၀၅)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

**အင်္ဂလိပ်ဘာသာ**

Crystal, D.(2004). ***A Dictionary of Linguistics and Phonetics***.( 5th.edn.) Malden, Blackwell Publishing Ltd.

**လေ့လာဖတ်မှတ်သောစာအုပ်**

ထွန်းမြင့်၊ **ဦး**။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တကသိုလ်၊ ဂျီအီးစီ (ပညာရေး)သမဝါယမလီမိတက်။